# ဗုဒ္ဓဝင်စကားပြေဖွံ့ဖြိုးတိုးတက်လာပုံ

ပါရဂူ (Ph.D)ဘွဲ့အတွက် တင်သွင်းသောကျမ်း


မလွင်မာဦး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၅ ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဗုဒ္ဓဝင်စကားပြေကျမ်းများသည် မြန်မာစာပေနယ်ပယ်တွင် ထင်ရှားသော စကားပြေကျမ်းများ ဖြစ်လာရခြင်းမှာ ဘုရားရှင်၏အတွေးအခေါ် အဆုံးအမများပါဝင်နေခြင်းကြောင့်ပင် ဖြစ်သည်။ ထိုကျမ်းများကို ရေးသားသော စာပေပညာရှင်များသည် ဗုဒ္ဓမြတ်စွာ၏ ဖြစ်စဉ်ကို ရေးသားထားသော်လည်း အကြောင်းအရာရွေးချယ်မှုနှင့် အရေးအသားတို့၌ ကွဲပြားခြားနားမှုရှိသည်ကို တွေ့ရှိရပါသည်။ ထိုတွေ့ရှိချက်များပေါ် မူတည်၍ ဤကျမ်းတွင် ဗုဒ္ဓဝင်စကားပြေဖွံ့ဖြိုးတိုးတက်လာပုံကို လေ့လာဖော်ထုတ်ထားပါသည်။

ဤကျမ်းကို အခန်း (၅)ခန်းခွဲခြားကာ လေ့လာတင်ပြထားပါသည်။

အခန်း (၁)တွင် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်ရှိလာပုံနှင့် ဗုဒ္ဓစာပေ၏ အခန်းကဏ္ဍကို ရှင်းလင်းတင်ပြထားပါသည်။

အခန်း(၂)တွင် ဗုဒ္ဓဝင်စကားပြေ၏ အခြေခံလမ်းစများကို ဖော်ပြထားပါသည်။

အခန်း (၃)တွင် ဗုဒ္ဓဝင်စကားပြေကျမ်းများကို အကြောင်းအရာရွေးချယ်မှုနှင့် အရေးအသားပိုင်းမှ နေ၍ စိစစ်သုံးသပ်ထားပါသည်။

အခန်း(၄)တွင် ဗုဒ္ဓဝင်စကားပြေကျမ်းများ နှိုင်းယှဉ်ခြင်းကို လေ့လာတင်ပြထားပါသည်။

အခန်း (၅)တွင် ခြုံငုံသုံးသပ်ချက်ကို တင်ပြထားပါသည်။